**၁၃၈၈ ခုနှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်၊ နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ( C ) ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာန နာယကဆရာတော်အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော် အရှင်မြတ်တို့ကြွ ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော် ကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်တေဇောဘာသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းပြီးနောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နှင့် ဇနီး၊ ပြည်သူ့ လွှတ်တော်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**